တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
# ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၆၆၀

| ဒေါ်ဇာနည်ယုလဲ့အောင်(ခ)ဒေါ်ဇာဏီဝင်း | နှင့် | ဒေါ်ဥမ္မာတင် |
|---|---|---|
| တရားလို | | တရားပြိုင် |

တရားလိုအတွက် - ဦးသောင်းမြင့် ၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင်အတွက် - ဒေါ်မြင့်မြင့်စန်း ၊ တရားလွှတ်တော်ရှေ့နေ (မလာ)

## စီရင်ချက်

နေ့စွဲ ။ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ( ၁၆ ) ရက်။

အမှုမှာ တရားလိုက တရားပြိုင်အပေါ် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ တရားမအထွေထွေမှုအမှတ်-၁၂၂/၂၀၁၀ တွင် ပူးပေါင်းလိမ်လည် ရယူထားသော ထုံးပုံကျ အပြီးသတ်အမိန့်အား ပယ်ဖျက်ပေးစေလိုမှု စွဲဆိုသည်။

တရားလို၏ ဆိုလွှာတွင် တရားလိုသည် ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၇၂၆/၂၀၀၆-၂၀၀၇ အရ မှတ်ပုံတင်ထားသော သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာဖြစ်ပြီး၊ ကုမ္ပဏီ၏ မှတ်ပုံတင်လိပ်စာမှာ Summit Parkview Hotel, အခန်း ၂၄၀-၂၄၃ ၊ အမှတ်- ၃၅၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဖြစ်ကြောင်း၊ ထို့နောက် ရုံးခန်းကို အမှတ်- ၁၈၊ အေ/၂၊ စောမဟာလမ်း၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ပါကြောင်း (၂၆-၇-၂၀၀၇)နေ့ထုတ် မြန်မာသတင်းစာများတွင် ကြော်ငြာခဲ့ကြောင်း၊ ကုမ္ပဏီ၏လုပ်ငန်းသည် အိမ်သုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်နှင့်အီလက်ထရောနစ်ကုန်စည်များ၊ ကိရိယာတန်ဆာပလာအမျိုးမျိုး၊ ဆေးနှင့် ဆေးပစ္စည်းများနှင့်ပတ်သက်ပြီး လက်လီလက်ကား ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းဖြစ်ကြောင်း၊ ကုမ္ပဏီသည် BELAIR ရန့်ကုထုံး ကုန်ပစ္စည်းများကို နိုင်ငံတကာတွင် ကျင့်သုံးသော ဆင့်ပွားရောင်းချသည့်စနစ်အရ ရောင်းချခြင်းကို လုပ်ကိုင်ကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်ပြီး တရားလိုအား အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလတွင် ဖမ်းဆီးပြီး၊ ဗဟန်းမြို့နယ်တရားရုံးတွင် အရေးပေါ်စီမံမှုဥပဒေပုဒ်မ- ၅(ဇ) အရ တရားစွဲဆိုတင်ပို့ရာ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင်မှ အချုပ်လွတ်ထုချေခွင့်ရခဲ့ကြောင်း၊ တရားပြိုင်သည် တရားလို ချုပ်နှောင်ခံနေရသည်ကို အခွင့်ကောင်းယူပြီး၊ (၃၁-၃-၂၀၁၀)နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ တရားမအထွေထွေမှုအမှတ်- ၁၂၂/၂၀၁၀ ၌ သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်၏ လိပ်စာ လုံးဝမဟုတ်သော အမှတ်(၅)၊ အရှေ့ရွှေဂုံတိုင်လမ်း၊

အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟု တရားလိုထံ အကြောင်းကြားစာ မရောက်ရလေအောင် တမင်မဟုတ်မမှန်ဖော်ပြလျက် ကုမ္ပဏီအား တရားရုံး၏အမိန့်အရ ဖျက်သိမ်းပါရန် မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ- ၁၆၂ အရ လျှောက်ထားခဲ့ကြောင်း၊ ယင်းလျှောက်လွှာတွင် တရားပြိုင်ကမိမိသည် သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်၏ အစုရှယ်ယာဝင်ဖြစ်သည်ဟု လိမ်လည်ပြီးလည်းကောင်း၊ Showroom အတွင်းသို့ ဝင်ခွင့်ကဒ်ကို ကုမ္ပဏီအစုရှယ်ယာလက်မှတ်ဟု လိမ်လည်ပြီးလည်းကောင်း၊ ကုန်ပစ္စည်းဝယ်ယူမှုအတွက် ပေးသွင်းငွေ လက်ခံရရှိကြောင်း ပြေစာတို့ကို အစုထည့်ဝင်ငွေအတွက်ပြေစာဟုလည်းကောင်း၊ မသမာသူတို့နှင့်ပူးပေါင်းပြီး၊ ကုမ္ပဏီမှတ်ပုံတင်ကို ဓါတ်ပုံမိတ္တူ ကူးယူပြီး တရားရုံးသို့ သက်သေခံအဖြစ် တင်ပြပြီးလည်းကောင်း၊ အခြားဆင့်ပွားရောင်းချသောစနစ်ဖြင့် ပစ္စည်းဝယ်ယူ ဖြန့်ဖြူးသူများနှင့် ပူးပေါင်းပြီး၊ ၎င်းတို့သည် ကုမ္ပဏီ၏ အစုဝင်များ မဟုတ်ကြပါဘဲလျက် အစုဝင်များဖြစ်ကြသည်ဟု တရားပြိုင်နှင့် ပူးပေါင်းလိမ်လည်ပြီးလည်းကောင်း၊ သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ- ၁၆၂ အရ တရားရုံး၏ အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းစေသောအမိန့် ချမှတ်စေရန် တရားရုံးကို ပူးပေါင်းလိမ်လည်၍ ထုံးပုံကျ အပြီးသတ်အမိန့်ရယူသွားကြောင်း၊ သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်အား တရားရုံး၏ အမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းပြီးကြောင်းကို (၇-၁၀-၂၀၁၁)နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ- ၁၇ တွင် ဦးဝင်းနိုင်၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ကြော်ငြာကို မြင်တွေ့ရသည့်အခါမှ သိရှိသဖြင့် ယခုအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြု ဖော်ပြထားသည်။

တရားပြိုင်၏ ချေလွှာတွင် သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၁၆၂ အရ ရန်ကုန်တိုင်းတရားရုံး အမိန့်ဖြင့် (၃၁-၁-၂၀၁၁) နေ့ကတည်းကဖျက်သိမ်းပြီးဖြစ်ကြောင်း၊ ထိုသို့ ဖျက်သိမ်းပြီးဖြစ်၍ စာရင်းရှင်းလင်းရန်အတွက် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ (၂၉-၈-၂၀၁၁)နေ့တွင် ဦးဝင်းနိုင်(တရားလွှတ်တော်ရှေ့နေ)အား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၁၇၅ အရ တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၁၇၅(က) အရ သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်၏ အရေးကိစ္စမှန်သမျှ ဆောင်ရွက်နိုင်ခွင့်အာဏာသည် စာရင်းရှင်းတာဝန်ခံအရာရှိ ဦးဝင်းနိုင်ထံတွင်သာ ရှိမည်ဖြစ်ကြောင်း၊ အမှတ်(၅)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်ရှိ ရုံးခန်းလိပ်စာမှာ တရားပြိုင်ကိုယ်တိုင် အစုငွေကျပ် သိန်း(၁၃၀)ကျော် ပေးသွင်းခဲ့၍ ကုမ္ပဏီမှ လက်ခံထားသည့် လိပ်စာဖြစ်ကြောင်း၊ ယင်းနေရပ်လိပ်စာဖြင့် သမ္မာန်စာ ထုတ်ဆင့်ခဲ့သော်လည်း အတည်မဖြစ်သဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာခဲ့ကြောင်း၊ အကြောင်းကြားစာကိုနည်းလမ်းတကျ သတင်းစာမှတဆင့် ကြော်ငြာထည့်သွင်းထား၍ တရားလို မသိရှိဟု ငြင်းဆို၍ မရကြောင်း၊ တရားလိုအား အထူးစုံစမ်းစစ်ဆေးရေးမှ တရားလို ပြုလုပ်သော ရာဇဝတ်ကြီးမှုအမှတ်-၆၂၉/၂၀၀၉ အမှုအား (၅-၁၀-၂၀၀၉)နေ့တွင် ဗဟန်းမြို့နယ်တရားရုံးတွင် တရားစွဲဆိုတင်ပို့ခဲ့ကြောင်း၊ တရားပြိုင် စွဲဆိုသော တရားမအထွေထွေမှုမှာ (၃၁-၃-၂၀၁၀)နေ့မှ စတင်စွဲဆိုခြင်းဖြစ်ပြီး၊ တရားလိုအမှုရင်ဆိုင်ရသည့် ဗဟန်းမြို့နယ်တရားရုံးနှင့် တရားပြိုင် အမှုလျှောက်ထားသည့် ရန်ကုန်တိုင်း၊ တွဲဖက်တိုင်းတရားသူကြီး(၄) ရုံးမှာ ရုံးတစ်ရုံးတည်း၊ အဆောက်အဦးတစ်ခုတည်းတွင် တည်ရှိပြီးအပေါ်အောက်ဖြစ်၍ တရားလို သိရှိခြင်း မရှိဆိုသည်မှာ မမှန်ကြောင်း၊ တရားလိုမှ ရုံးတော်ရှေ့မလာရောက်၊ ပျက်ကွက်ခဲ့သည့်အတွက် အမှုအား တစ်ဖက်သတ် ကြားနာစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးမှ သက်သေများကို စစ်ဆေးပြီးနောက် တရားရုံးအမိန့်ဖြင့် ကုမ္ပဏီအား (၃၁-၁-၂၀၁၁)နေ့တွင် ဖျက်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ထားခြင်းနှင့် ယင်းအမိန့်နှင့်ပတ်သက်၍ ပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၁၇၉ အရ သိမ်းငှက်ကမ္ဘာ

ကုမ္ပဏီလီမိတက် (စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ဦးဝင်းနိုင်၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှသာ တရားရုံးအမိန့်ဖြင့် တရားစွဲဆိုခွင့် ရှိမည်ဖြစ်ကြောင်း၊ သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်မှာ ဖျက်သိမ်းပြီးဖြစ်သည့်အတွက် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည်လည်းကောင်း၊ မန်နေဂျင်းဒါရိုက်တာသည်လည်းကောင်း၊ တည်ရှိနေခြင်း မရှိတော့သောကြောင့် တရားရုံးတွင် အမှုသည်အဖြစ် လာရောက်ခြင်း၊ ခုခံချေပခြင်း၊ ချေလွှာတင်သွင်းခြင်း၊ တစ်စုံတစ်ရာ ကန့်ကွက်လျှောက်ထားခြင်း၊ အမှုအခင်းဆောင်ရွက်ခြင်းတို့ ပြုခွင့်မရှိတော့ကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၁၇၁ အရ တရားလိုမှ တရားစွဲဆိုခွင့် မရှိသည့်အတွက် တရားစွဲဆိုရန်အကြောင်း လုံးဝမပေါ်ပေါက်ကြောင်း၊ တရားရုံး၏ ခွင့်ပြုချက် မရှိဘဲ တရားရုံးအမိန့်ဖြင့် ဖျက်သိမ်းပြီးဖြစ်သော ကုမ္ပဏီအပေါ် တရားလိုတို့က စွဲဆိုသော ငွေရလိုမှုမှာ အမှုအခင်း စတင်ဆောင်ရွက်ခွင့်ပင် မရှိရကာ ထိုတရားမမှုများကို တရားရုံးချုပ်က ပလပ်ခဲ့ခြင်းသည် မှားယွင်းမှု မရှိချေဟု **(ဒီသမ်ကုမ္ပဏီလီမိတက် နှင့် ဂလိုဘယ်နတ်(တ်)ဝပ်(စ်) ကုမ္ပဏီလီမိတက်)** ၂၀၀၈ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ် ၁၂၀ နှင့် ၁၂၁ တွင် ထုံးပြုထားကြောင်း၊ တရားလို စွဲဆိုမှုအား စရိတ်နှင့်တကွ ပလပ်သည့်အမိန့် ချမှတ်ပေးပါရန် ချေပလွှာတင်သွင်းသည်။

ဆိုလွှာ၊ ချေလွှာများအရ ရုံးတော်က အောက်ပါအတိုင်း ငြင်းချက်များကို ထုတ်နုတ်ခဲ့သည်-

(၁) တရားပြိုင်သည် ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ်- ၁၂၂/၂၀၁၀ တွင် (၃၁-၁-၂၀၁၁)ရက်နေ့ ချမှတ်သော အမိန့်ကို ပူးပေါင်းလိမ်လည်ရယူသည်မှာ မှန်ပါသလား။

(၂) ရန်ကုန်တိုင်းတရားရုံး၏ အဆိုပါ (၃၁-၁-၂၀၁၀)ရက်စွဲပါ အမိန့်ကို ပယ်ဖျက်ပေးထိုက်ပါသလား။

(၃) တရားလိုများသည် မည်သည့်သက်သာခွင့် ရထိုက်သနည်း။

<u>ငြင်းချက်အမှတ်(၁)</u>

ဒီကရီတစ်ရပ်ကို လိမ်လည်လှည့်ဖြား၍ ရယူခဲ့သော ဒီကရီဖြစ်ခြင်းကြောင့် ပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်ရရန်မှာ ယခင် အမှုတွင် တရားလို၏ လိမ်လည်လှည့်ဖြားခြင်းကြောင့် ထိုအမှုတွင် တရားပြိုင်က မိမိထုချေလိုသောအချက်ကို တင်ပြခွင့် မရခဲ့ခြင်း၊ ထိုလိမ်လည်မှုသည် အဆုံးအဖြတ်ပေးခဲ့သည့် အမှု၏ပြင်ပတွင် ပေါ်ပေါက်ခဲ့သော ကိစ္စဖြစ်ခြင်း စသည့်အချက်တို့အပေါ် အခြေပြု စွဲဆိုရသည်။ ဆုံးဖြတ်ပြီးသည့်အမှုတွင် မမှန်မကန် တင်ပြခြင်း၊ ထွက်ဆိုချက် ပေးခဲ့ခြင်း စသည့် အမှုအတွင်းကိစ္စဖြစ်သည့် လိမ်လည်မှုမျိုးကို အကြောင်းပြု၍ စွဲဆိုခွင့် မရှိပေ။ ဤဥပဒေသဘောကို **ကိုပု ပါ-၂ နှင့် ဒေါ်သန်းသန်း ပါ-၆ အမှု**[၁] တွင် တွေ့ရှိနိုင်သည်။

တရားလိုက သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်အား တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းပြီးကြောင်းကို (၇-၁၀-၂၀၁၁)နေ့ထုတ် ကြေးမုံသတင်းစာတွင် ဦးဝင်းနိုင်၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ကြော်ငြာကို မြင်တွေ့ရမှ သိရှိရကြောင်း၊ တရားပြိုင်နှင့် အပေါင်းအပါတို့သည်

---

၁။ ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၁

သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်၏ အစုဝင်များ မဟုတ်ကြပါဘဲလျက် အစုဝင်များဟု ဖော်ပြအစစ်ခံကြခြင်း၊ တရားလို ချုပ်နှောင်ခံရချိန်တွင် အခွင့်ကောင်းယူပြီး၊ ကုမ္ပဏီ၏ လိပ်စာ မဟုတ်သော အမှတ်(၅)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ် လိပ်စာဖြင့် ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားခြင်းတို့ဖြင့် လိမ်လည်ရယူသွားသော ထုံးပုံကျအမိန့်ကို ပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်ရှိကြောင်း၊ အမှုစွဲဆိုရန်အကြောင်းအရာသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ကြော်ငြာကို တွေ့သော (၇-၁၀-၂၀၁၁)နေ့မှစတင်၍ ပေါ်ပေါက်ကြောင်း အဆိုပြု ထွက်ဆိုထားသည်။

အမှုတွင် ပေါ်ပေါက်ချက်အရ သိမ်းငှက်ကမ္ဘာကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ- ၁၆၂ အရ ဖျက်သိမ်းမည့်အကြောင်း (၁၇-၅-၂၀၁၀)နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ တရားပြိုင်အနေဖြင့် ကုမ္ပဏီ၏ လိပ်စာ မဟုတ်သော အမှတ်(၅)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ် လိပ်စာဖြင့် ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားခြင်းဖြင့် လိမ်လည်ရယူခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ထို့ပြင် အဆိုပါ သတင်းစာ ကြော်ငြာများတွင် ကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီ ကူညီပေးဆပ်သူ (သို့မဟုတ်) အစုပါဝင်သူများအနေဖြင့် ကန့်ကွက်လိုသူရှိက လာရောက်ရန် (၁-၆-၂၀၁၀)နေ့တွင် ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး(၄) ရုံးတွင် စစ်ဆေးကြားနာမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ထားသဖြင့် ထိုကြေညာချက် ထုတ်ထားသည့် နေ့ရက်ကတည်းက တရားလို သိရှိပြီးဖြစ်သည်ဟု ဆိုရပေမည်။

တရားလို၏ အဆိုလွှာအပိုဒ်(၄) တွင် ၎င်းအား ဗဟန်းမြို့နယ်တရားရုံးတွင် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ- ၅(ဈ) အရ တရားစွဲဆိုတင်ပို့ခဲ့ရာ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင် အချုပ်လွတ်ထုချေခွင့်ရခဲ့သည်ဟု အဆိုပြု ဖော်ပြထားသည်ကို တွေ့ရသည်။

တရားပြိုင် စွဲဆိုသော တရားမအထွေထွေမှုအမှတ်- ၁၂၂/၂၀၁၀ အမှုမှာ (၃၁-၃-၂၀၁၀) နေ့တွင် စတင်တရားစွဲဆိုခြင်းဖြစ်ပြီး၊ (၃၁-၁-၂၀၁၁)နေ့တွင်မှ စာရင်းရှင်းလင်း ဖျက်သိမ်းပေးရန် လျှောက်ထားမှုကို ခွင့်ပြုသည့်အမိန့်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ တရားလို အချုပ်လွတ်ထုချေခွင့်ရသည့် ကာလအတောအတွင်း တရားမအထွေထွေမှုမှာ အထက်ပါ ရုံးများတွင် စစ်ဆေးနေဆဲအချိန်ဖြစ်၍ တရားလို ချုပ်နှောင်ခံရချိန်တွင် အခွင့်ကောင်းယူပြီး ဆောင်ရွက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ တရားလို အချုပ်ကျနေစဉ်ကာလအတောအတွင်းတွင်လည်း ၎င်း၏မိသားစုများမှ တရားလို၏ကိုယ်စား လျှောက်ထားဆောင်ရွက်နိုင်သည့် အခွင့်အရေးလည်း ရှိပေသည်။

တရားလိုသည် တရားပြိုင် စွဲဆိုသည့် တရားမအထွေထွေမှုအမှတ်- ၁၂၂/၂၀၁၀ တွင် တရားပြိုင်၏ လိမ်လည်လှည့်ဖြားခြင်းကြောင့် ထိုအမှုတွင် တရားလိုက မိမိထုချေလိုသည့် အချက်များကို ထုချေခွင့်၊ တင်ပြခွင့် မရခဲ့ခြင်းမျိုးနှင့် ထိုလိမ်လည်မှုသည် အဆုံးအဖြတ်ပေးခဲ့သည့် အမှု၏ပြင်ပတွင် ပေါ်ပေါက်ခဲ့သောကိစ္စဖြစ်ခြင်း စသည့်အချက်များ အမှုတွင် ပေါ်ပေါက်ခြင်း မရှိသဖြင့် တရားပြိုင်သည် ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ်- ၁၂၂/၂၀၁၀ တွင် (၃၁-၁-၂၀၁၁)နေ့ ချမှတ်သောအမိန့်ကို ပူးပေါင်းလိမ်လည်ရယူသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ငြင်းချက်(၁)နှင့် စပ်လျဉ်း၍ တရားပြိုင်သည် ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ်- ၁၂၂/၂၀၁၀ တွင် (၃၁-၁-၂၀၁၁)ရက်နေ့က ချမှတ်သောအမိန့်ကို ပူးပေါင်းလိမ်လည်ရယူသည်မှာ မမှန်ကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ်(၂)

ငြင်းချက်(၁) ကို ဖြေဆိုချက်အရ ပူးပေါင်းလိမ်လည် ရယူသည်မှာ မမှန်ဟု ဖြေဆိုပြီးဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ (၃၁-၁-၂၀၁၁)ရက်စွဲပါ အမိန့်ကို မပယ်ဖျက်ထိုက်ကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ်(၃)

ငြင်းချက် (၁) (၂) တို့၏ ဖြေဆိုချက်များအရ တရားလိုသည် မည်သည့်သက်သာခွင့်မှ မရထိုက်သဖြင့် တရားလို၏ အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့်ချမှတ်သည်။

စရိတ် ၁၀၀၀ိ/- သတ်မှတ်သည်။

စန္ဒာသွယ်
တရားသူကြီး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်